# ပဝိနိုးဂေ

## ထိပ်ဆုံးသို့ အတွေး၁၀၀



http://www.khtnetpc.webs.com

(For Knowledge & Educational Purposes)

Than Myint Aung

စိုးစာအုပ် (၂၅)

# ဟိန်းဇေ

စီစဉ်သည်

စိုးစာပေ

စိုးစာပေ

| | |
|---|---|
| **စာမူခွင့်ပြုချက်** | ၉၃၆/၂၀၀၂ (၁၀) |
| **မျက်နှာဖုံးခွင့်ပြုချက်** | ၈၉၈/၂၀၀၂ (၁၁) |
| **စီစဉ်သူ** | **ဟိန်းဇေ** |
| **ထုတ်ဝေသူ** | ဦးမောင်ကလေး (၀၀၆၅)<br>သော်ကြာစာပေတိုက်<br>၁၅၊ ဩဘာလမ်း<br>ကျောက်မြောင်း၊ ရန်ကုန်မြို့ |
| **မျက်နှာဖုံးပုံနှိပ်သူ** | ဦးမြသိန်း (၀၁၄၂၇)<br>သိန်းမြင့်ဝင်းပုံနှိပ်တိုက်<br>၉၆၊ ၁၁ လမ်း<br>**ရန်ကုန်မြို့။** |
| **အတွင်းပုံနှိပ်သူ** | ဦးတင်အောင်ကျော်(၀၇၀၅၃)<br>စွယ်တော်ပုံနှိပ်တိုက်<br>၈၇၊ ၅၆ လမ်း<br>ရန်ကုန်မြို့ |

**အုပ်ရေ ၁၀၀၀**

**တန်ဖိုး ၃၅၀ ကျပ်**

**၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ**

**ပထမအကြိမ်**


စိုးစာပေ

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဟင်းရေ

## ထိပ်ဆုံးသို့

## အတွေး (၁၀၀)

စိုးစာပေ

## မုန်ကန်သောသစ္စာစကား

ဒသသနကြောင့် ဘဂတွင် လူတစ်လုံး
သူတစ်လုံး ဖြစ်ခဲ့ရသည့် မိမိသည် ဤစာအုပ်ကို
ပြုစုခြင်းဖြင့် မိဘနှစ်ပါးတို့အား ကျေးဇူးဆပ်
ရသကဲ့သို့ဟု ဆိုရပါလျှင် မည်သို့ လွန်နိုင်ပါ
အံ့နည်း။

စိုးစာပေ

ပို၍..ပို၍ ...တို့ထက်ပို၍

လူငယ်နှစ်ယောက် ရှိ၏။
သူတို့လက်၌ ခဲတစ်လုံးစီ ကိုင်ထား၏။
သူတို့ ရှေ့၌ကား သစ်ပင်တစ်ပင်။
တစ်ဦးက..
လက်မှခဲကို သစ်ပင်ထိပ်ဖျားသို့ ပစ်ရန်
ကြံ၏။
ကျန်တစ်ဦးကမူ ထိုသို့မဟုတ်။
မိုးသို့ပစ်ရန် ချိန်မှန်း၏။
သို့ဆိုပါလျှင်...
ထိုသူငယ်နှစ်ဦး ပစ်အပ်သော ခဲများတွင်
မည်သူ၏ ခဲက ပို၍ အမြင့်သို့ ရောက်နိုင်မည်ကို
သင်စဉ်းစားပါလေ။ ရှေးနီတိဆရာ ပညာရှင်၏
လမ်းညွှန်ဖြစ်ပါ၏။

ဟိန်းဇေ

လူများသည် မိမိတို့ကံ၏ အရှင်သခင်များ ဖြစ်ကြသည်။ အပြစ်သည် အကျွန်ုပ်တို့၏ ကံ၌ မဟုတ်၊ ကျွန်ုပ်တို့၏ ကိုယ်၌ ဖြစ်သည်။

ရှိတ်စပီးယား

ထိပ်ဆုံးသို့
၁
အကြီးစားအိပ်မက်တွေကို မက်ပါ

လူတို့၏ ဂိညာဉ်ကို အကြီးစားအိပ်မက်
များကသာ ရွေးလျားနိုင်စွမ်း ရှိသည်။

မားကတ်စ်အော်ရီလီရပ်စ်

http://www.khtnetpc.webs.com



ထိပ်ဆုံးသို့

၂

မိတ်ဆွေ..အပေါ်ကိုတက်မယ်ဆိုရင်
အချိန်အခါကို ချင့်ချိန်တတ်ဖို့က သိပ်အရေး
ကြီးပါတယ်။ ဘယ်အချိန်မှာ လုပ်ရမယ်။ ဘယ်
အချိန်မှာ မလုပ်ရဘူး။ ဘယ်အချိန်မှာပြောရ
ဆိုရမယ်၊ဘယ်အချိန်မှာ ဆိတ်ဆိတ်နေရမယ်
ဆိုတာ သိဖို့ပါပဲ။ ဇတ်ခုံပေါ်မှာဆိုရင် အချိန်
ကိုက်ညီမှုဟာ ဘယ်လောက်အရေးကြီးတယ်
ဆိုတာ အနုပညာ လောကသားတိုင်း သိကြပါ
တယ်။ လူ့ဘဝမှာလဲ ဒီအတိုင်းပါပဲဗျာ။ လူ
တစ်ယောက်ဟာ အိမ်ထောင်ရေးဘဝမှာ၊ အလုပ်
ခွင်မှာ၊ အများတကာနဲ့ ဆက်ဆံရာမှာ၊ အခိုက်
အခါကို ချင့်ချိန်တတ်မှု ကျွမ်းကျင်ခဲ့ရင် ပျော်ရွှင်
ချမ်းမြေ့မှုနဲ့ အောင်မြင်မှုကို ဝေးဝေး လိုက်ရှာ
နေစရာ မလိုပါဘူး၊ ဒီဆုလာဘ် နှစ်ခုစလုံး
သူ့ဆီကို ဆိုက်ရောက်လာပါလိမ့်မယ်။

ဂျိန်းစ်ကိုဘန်း

နာမည်ကျော်ရုပ်ရှင်သရုပ်ဆောင်

http://www.khtnetpc.webs.com



## ထိပ်ဆုံးသို့
## ၃

လူတစ်ယောက်ရဲ့ အောင်မြင်မှုကို သူ့ရဲ့
လုပ်ရပ်နဲ့ တိုင်းတာရမယ်။ သူလုပ်တဲ့ လုပ်
ရပ်တစ်ခုရဲ့ အကောင်းအဆိုး အရည်အသွေးဟာ
အဲဒီအလုပ်ကို သူဘယ်လောက် ဉာဏ်ပညာ
ဗဟုသုတရှိစွာ လုပ်ခဲ့သလဲ ဆိုတဲ့အချက်ပေါ်မှာ
မူတည်တယ်။

ဂျီကင်စလေပေါ့ဒ်

ထိပ်ဆုံးသို့

၄

သင့်အရည်အချင်းကို လေးစားရင် အရည်
အချင်းအဆင့်အတန်း ရှိသူတွေနဲ့ ပေါင်းသင်း
ပါ။ဘာကြောင့်လဲဆိုတော့ လူသိမ်၊ လူညံ့၊လူဖျင်း
တွေကြားမှာနေမယ့်အစား တစ်ယောက်တည်း
နေတာက ပိုကောင်းပါတယ်။

ဂျော့ရှ်ဝါရှင်တန်
ပထမဆုံး အမေရိကန်သမ္မတကြီး

ထိပ်ဆုံးသို့

၅

မိမိကိုယ်ကို မိမိယုံကြည်ခြင်းသည် သူရဲ
ကောင်းပီသမှု၏ အနှစ်သာရဖြစ်၏။

အေဘာရာဟန်လင်ကွန်း
အမေရိကန်သမ္မတကြီး

စိုးစာပေ

http://www.khtnetpc.webs.com



ထိပ်ဆုံးသို့

၆

လူ့ဘဝဆိုတာဒါပဲ

ဘဝဆိုတာ ကိုယ်ကို အလိုလိုက်တဲ့ မိခင်မဟုတ်ဘူး၊ ညှာမယ်တော့မထင်နဲ့။ ကိုယ်က သင်ယူနေရတဲ့ ကိုယ့်ရဲ့ ကြမ်းတမ်းတဲ့ အလုပ်သင် ဆရာပဲ ဖြစ်တယ်။ တတ်အောင် မသင်နိုင်တဲ့ အတွက် သူရိုက်လိုက်ပြီ ဆိုလို့ကတော့ မလွယ် ဘူးသာမှတ်။

ဂေါ်ကီ

ဆိုဗီယက်စာရေးဆရာကြီး

http://www.khtnetpc.webs.com



ထိပ်ဆုံးသို့
၇
တိုက်ပွဲမဝင်ဘဲနဲ့တော့ ဘယ်သူမှ အောင်ပွဲ
ခံရမှာမဟုတ်ဘူး။

ဂေဘာရီယယ်ဘီယဲလ်

http://www.khtnetpc.webs.com



ထိပ်ဆုံးသို့

၈

များစွာသော လူများသည် အလုပ်လုပ်ကိုင်ရေးအတွက် ၎င်းတို့တွင် ရှိရှိသမျှ စွမ်းအားနှင့်ပင်ကိုယ်စိတ်ကူး အကြံဉာဏ်များ၏ ဆယ်ပုံတစ်ပုံမျှကိုသာ အသုံးပြုကြ၏။ သင်၏စွမ်းအားကို အကုန်ထုတ်၍ အသုံးပြုပါ။ အကျိုးတရားများကို တွေ့မြင်ရပါက သင် အံ့သြသွားပေလိမ့်မည်။

ဟင်နရီကိုင်ဇာ
ကမ္ဘာကျော် စီးပွားရေးလုပ်ငန်းရှင်ကြီး

http://www.khtnetpc.webs.com



ထိပ်ဆုံးသို့

၉

သာမန်အများ တော်ထဲက တိုးထွက်ချင်တယ်ဆိုရင်တော့ သင်ဘာလုပ်နိုင်တယ်ဆိုတာကို ပြောမနေပါနဲ့။ သင် ဘာလုပ်တယ်ဆိုတာကို ပြလိုက်စမ်းပါ။ ပြောသူတစ်ထောင်၊ လုပ်သူက တစ်ယောက်ပဲရှိတယ်။

ဟိန်းဇေ

ထိပ်ဆုံးသို့

၁၇

စီးပွားရေးလုပ်ငန်းတိုင်းမှာ အဓိက ထောက်သုံးထောက်ရှိတယ်။ အဲ့ဒါကတော့ နံပါတ်တစ်က Expert မိမိလုပ်ငန်းနဲ့ ပတ်သက်သမျှ ကျွမ်းကျင်နေရမယ်။ နံပါတ်နှစ်က Investment ငွေရင်းနှီးမြှုပ်နှံနိုင်ရမယ်။ နံပါတ်သုံးကတော့ Adventure စွန့်စားရဲတဲ့သတ္တိရှိရမယ်။

စီးပွားရေးပညာရှင်များ

ထိပ်ဆုံးသို့

၁၁

သေးသေးကြီးကြီးကတိတည်ပါ။

လုပ်မယ်လို့ ပြောတဲ့အတိုင်း လုပ်တဲ့လူကို ကျွန်တော်အလေးစားဆုံးပဲ။ အလားတူပဲ ကတိမတည်တဲ့ လူကိုလည်း ကျွန်တော်အမုန်းဆုံးပဲ။ စီးပွားရေးလုပ်ငန်းမှာ ကတိမတည်တဲ့ လူဟာ စာနဲ့ရေးထားတဲ့ ဥပဒေကို ချိုးဖောက်တဲ့သူပဲ။

မတ်ခ်အိတ်ချ်မက်ကော်မက်
စီးပွားရေးစာအုပ်များရေးသည့် လုပ်ငန်းရှင်ကြီး

ထိပ်ဆုံးသို့

၁၂

အလုပ်ကောင်းမှ ကံကောင်းမယ်

ကံကောင်းဖို့ကို အလုပ်ဆိုတဲ့ လှုပ်ရှား ကြိုးစားမှုက ကူညီရမယ်။ အဲဒီလို ကူရာမှာ လည်း မိမိကိုယ်တိုင်က မိမိအလုပ်ကို ကျွမ်းကျွမ်း ကျင်ကျင် သဘောပေါက်အောင် လေ့လာထား ပြီးမှ ဖြစ်မယ်။ ပိုပြီး အရေးကြီးတာက မိမိ အလုပ်ပေါ်မှာ စိတ်အား ထက်သန်မှုပဲ။ ဒါမှသာ အလုပ်ကောင်းခြင်းကြောင့် ကံကောင်းခြင်းကို ရလိမ့်မယ်။

ပီဒီဘဲလ်လတ်

ကမ္ဘာကျော်စာရေးဆရာ

http://www.khtnetpc.webs.com



ထိပ်ဆုံးသို့
၁၃
လူချမ်းသာခြင်းသည် ကောင်း၏။
စိတ်ချမ်းသာခြင်းသည် ပို၍ကောင်း၏။
အတွေးအမြင် ချမ်းသာခြင်းသည်
အကောင်းဆုံးဖြစ်၏။

ဟိန်းဇေ

ထိပ်ဆုံးသို့

၁၄

အတွေ့အကြုံကို ဘဂကျောင်းမှ သင်ကြား ပြသပေးသည်။ သို့သော် သင်ကြားသူ များလှ သော်လည်း ပညာကို ရယူနိုင်သူ နည်းလှသည်။ ဘဂတစ်သက်တာ အောင်မြင်ပျော်ရွှင်နိုင်ရေး အတွက် ဘဂကျောင်းမှ ပညာကို လက်တွေ့ အသုံးချနိုင်သူကာ ပို၍ပင် နည်းလှ၏။

ဟိန်းဇေ

ထိပ်ဆုံးသို့

၁၅

အချိန်ကို နမြောပါ။
အချိန်ကို တွန့်တိုပါ။
အချိန်ကို ကပ်စေးနည်းပါ။

ဟိန်းဇေ

ထိပ်ဆုံးသို့

၁၆

သူတို့ကို သင်ခန်းစာယူပါ

ငတ်လို့လုပ်တာ မဖြစ်စေနှင့်။ တတ်လို့လုပ်တာဖြစ်ပါစေ။ မိမိအလုပ်ကို မကျွမ်းကျင်၍ အလုပ်ကို ပေါ့ပေါ့လျော့လျော့လုပ်၍ ဖောက်သည်ပျက်၊ မိတ်ပျက်၊ နာမည်ပျက်ရသည့် လုပ်ငန်းရှင်များကား မနည်းတော့ပြီ။

ဟိန်းဇေ

ထိပ်ဆုံးသို့

၁၇

အောင်မြင်သူတို့၏ ကျင့်စဉ်

ဘဝ၌ ကိုယ်စွမ်းကိုယ်စဖြင့် အောင်မြင်
သူများသည် ရေသာခိုသမားများ မဟုတ်။
အချောင်သမားများ မဟုတ်၊ လူပျင်းလူပေါ့များ
မဟုတ်၊ တတ်ယောင်ကားသမားများ မဟုတ်။
မိမိနှင့် ဆိုင်ရာ အလုပ်ကို တကယ်ကျွမ်းကျွမ်း
ကျင်ကျင် တတ်သည်။ အတွေ့အကြုံ ရင့်ကျက်
သည်။ စိတ်ကူးကောင်းနှင့် လက်တွေ့ကို ပေါင်း
စပ်သည်။ ရှုံးနိမ့်မှုအတွက် ကြံ့ကြံ့ ခံသလို
မဖြစ်လျှင် မနေ၊ မဖြစ်လျှင် ငါမသေ ဆိုသည့်
မလျှော့သော ဇွဲစိတ်ကလည်း ပြင်းထန်သည်။ ထို့ကြောင့်
ပင် လူအများမအောင်မြင်သည့် အောင်မြင်မှုကို
သူတို့တစ်တွေ ပိုင်ဆိုင်ကြသည်။

ထိပ်ဆုံးသို့

၁၈

ရာနှုန်းအနည်းငယ်မျှသော လူတို့သာလျှင် မိမိတို့၏ ဦးနှောက်ကို ကောင်းကောင်း စီမံ၍ အခြေတကျ ဖြစ်အောင် လုပ်တတ်ကြသည်။

ဟားဗတ်ကတ်ဆင်

http://www.khtnetpc.webs.com



ထိပ်ဆုံးသို့

၁၉

အောင်မြင်ကြီးပွားရေးအတွက် လုပ်ငန်းတိုင်းမှာ အဓိကအချက် (၅) ချက် ရှိတယ်။

အဲ့ဒါကတော့

နံပါတ်တစ် အမြော်အမြင် ကြီးရမယ်။

နံပါတ်နှစ် အကွက်မြင်ရမယ်။

နံပါတ်သုံး ပါးနပ်လိမ္မာမှု ရှိရမယ်။

နံပါတ်လေး အမြင်ကျယ်ရမယ်။

နံပါတ်ငါး က ဈေးကွက်သဘောတရားကို နားလည်ရမယ်။

အကီယိုမိုရှိတ

ဆိုနီကုမ္ပဏီလုပ်ငန်းရှင်ကြီး

ထိပ်ဆုံးသို့

၂၀

ဥပဒေ ပြဋ္ဌာန်းချက်အားလုံး စာအုပ်ထဲမှာ ရှိ၏။ သို့သော် စီးပွားရေး လုပ်ငန်းလောက၌ ဘာစာအုပ်မှ မရှိ။ ထိုစာအုပ်ကို သင့်ဖာသာပဲ ရေးရမည်။ ပြီးတော့ နေ့စဉ်ရေးရလိမ့်မည်။

ကင့်နက်လိုလ်

ထိပ်ဆုံးသို့

၂၁

ရှေ့တန်းအရောက်ဆုံးနည်းနဲ့ ကိုယ့်ကိုယ်ကို အထက်ကိုတက်အောင် လုပ်ချင်သပဆိုရင် ခေါက်ရိုးကျိုးနေတဲ့ စဉ်းစားပုံတွေကို ပြောင်းလိုက်ပါ။ ပြီးတော့ ပုံစံခွက်သမားတွေနဲ့လဲ လမ်းခွဲလိုက်ပါ။

စတီဗင်ကိုဗေး

ထိပ်ဆုံးသို့

၂၂

အကြံကောင်း ညဏ်ကောင်းလောက်
တန်ဖိုးကြီးမားသည့် လက်ဆောင်သည် မရှိ။
ဒီဆီဒီးရီးယပ်စ်အားမြူးစ်

ထိပ်ဆုံးသို့

၂၃

လူများသည် မိမိတို့ကံ၏ အရှင်သခင်များ
ဖြစ်ကြသည်။ အပြစ်သည် ကျွန်ုပ်တို့၏ ကံ၌
မဟုတ်၊ ကျွန်ုပ်တို့၏ ကိုယ်၌ဖြစ်သည်။
ရှိတ်စပီးယား

ထိပ်ဆုံးသို့

၂၄

မတော်သူသ

တော်သူနေ

ဒါဂုင်

http://www.khtnetpc.webs.com



ထိပ်ဆုံးသို့

၂၅

ဆုံးရှုံးမှုနှင့် ကြုံရပြီးနောက် နလန်ပြန်ထူလာနိုင်သူတွေဟာ အကောင်းမြင်သမားတွေဖြစ်တယ်။ သူတို့က "ငါကြုံနေရတဲ့အခက်အခဲက ယာယီအခက်အခဲပါ" လို့ယုံကြည်ကြတယ်။ ပြန်ပြီး နလန်မထူနိုင်သူတွေကတော့ သူတို့ရဲ့ အခက်အခဲကို ထာဝရအခက်အခဲလို့ ခံယူထားကြတဲ့ အဆိုးမြင်သမားတွေပဲဖြစ်တယ်။

ဆဲလစ်ဂမင်း

http://www.khtnetpc.webs.com



ထိပ်ဆုံးသို့

၂၆

တွေးခေါ်မြော်မြင်နိုင်ဖို့ အဓိက

သင်သည် လူတစ်ယောက်အား တက္ကသိုလ်
အထိ ရှေ့ဆောင်ပို့ပေးနိုင်၏ သို့သော် သူ့အား
တွေးခေါ်မြော်မြင်ရန် ပြုလုပ်မပေးနိုင်ချေ။

ဖင်န်လေးဂီတာဒန်း

http://www.khtnetpc.webs.com



ထိပ်ဆုံးသို့

၂၇

အရည်အချင်းမပါသော ကြိုးပမ်းမှုစွမ်းအားသည် ပစ်ကွင်းကို လွဲ၍ ချိန်ထားသော ရိုင်ဖယ်သေနတ်နှင့် တူ၏။

ဟားဗတ်ကတ်ဆင်

ထိပ်ဆုံးသို့

၂၈

စီးပွားရေးသမားများသို့

စီးပွားရေးလုပ်ငန်းတိုင်းမှာ ပိုက်ဆံဟာ
မရှိမဖြစ် အရေးကြီးပါတယ်။ ပိုက်ဆံရဲ့အရေး
ပါမှုကို ဘယ်တော့မှ လျှော့မတွက်ပါနဲ့။ ပိုက်ဆံကို
အလေးထားတတ်ရမယ်လို့ ဆုံးမခဲ့တဲ့ ကျွန်တော့်
အမေကို ကျွန်တော် အမြဲတမ်း ကျေးဇူးတင်
နေပါတယ်။ နောက်ဆုံးတော့ ဒီအချက်ဟာ
စီးပွားရေးသမားတွေအတွက် အမှန်ဆုံးပါပဲ။

မတ်ခ်အိတ်ချ်မက်ကော်မက်
စီးပွားရေးစာအုပ်များရေးသည့် လုပ်ငန်းရှင်ကြီး

**http://www.khtnetpc.webs.com**



## ထိပ်ဆုံးသို့

၂၉

လက်ပွေ့သမားကောင်းတစ်ဦးသည် မိမိကထိုးနိုင်ရုံမှသာမဟုတ်၊ အထိုးခံနိုင်ရည်လည်း ရှိရမည်။ အထိုးမခံနိုင်က အောင်ပွဲကို မရနိုင်။ အရည်အချင်းမီ လူသားတစ်ဦး၏ ဘဝသည်လည်း လက်ပွေ့သမားကောင်း တစ်ဦးကဲ့သို့ပင် ဖြစ်သည်။

ဟိန်းဇေ

ထိပ်ဆုံးသို့
၃၀
ငါလိုသေးသည်။ ငါလုပ်သမျှ အကောင်း
ဆုံးဖြစ်အောင် ငါဆက်၍ ကြိုးစားရဦးမည်။

ဟိန်းဇေ

ထိပ်ဆုံးသို့
၃၁
"ငါယနေ့ ဘယ်နေရာမှာရှိသလဲ၊ ဘယ်
အဆင့်မှာရှိသလဲ" ဟု ကိုယ့်ကိုယ်ကို မေးပါ။

ဟိန်းဇေ

http://www.khtnetpc.webs.com



ထိပ်ဆုံးသို့

၄၂

ပြတ်သားတဲ့ ရည်ရွယ်ချက်ရှိတဲ့ လူ
တစ်ယောက်ဟာ အခက်ခဲ အကြမ်းတမ်းဆုံး
လမ်းပေါ်မှာ လျှောက်နေရပေမယ့် တစ်နေ့မှာ
တော့ သူ့ရည်ရွယ်ချက် အောင်မြင်မှာပဲ ဖြစ်တယ်။
ရည်ရွယ်ချက် မယ်မယ်ရရ မရှိတဲ့ လူတစ်ယောက်
အဖို့တော့ အချောမွေ့ဆုံးလမ်းပေါ်မှာ လျှောက်
နေရပေမယ့်လဲ ဘာကိုမှ အထမြောက်အောင်
မြင်အောင် လုပ်နိုင်လိမ့်မှာ မဟုတ်ဘူး။

သောမတ်စ်ကာလိုင်း

ထိပ်ဆုံးသို့
၃၃
စွံကွက်ကိုတွေ့အောင်ရှာ

လုပ်ငန်းတစ်ခုရဲ့ တကယ့်အောင်ပွဲ၊
တကယ့် အနှစ်သာရက ဒီကနေ့ စီးပွားရေးသမား
တိုင်းပြောနေကြတဲ့ "ဈေးကွက်" ဆိုတဲ့စကား
လုံးထက် မြင့်တယ်။ အဲ့ဒါကတော့ "စွံကွက်" ပဲ။
ဒါ့ကြောင့် ဘာပစ္စည်းပဲ ထုတ်လုပ် ထုတ်လုပ်၊
ဝယ်ယူသူတွေ စားသုံးသူတွေဘက်က ကြည့်ပြီး
သူတို့ သဘောကျ နှစ်သက်မယ့် "စွံကွက်"ကို
ဗန်းတင်ပြီး ထုတ်လုပ်ကြရလိမ့်မယ်။

မတ်မက်ကော်မယ်
စီးပွားရေးပညာရှင်နှင့် လုပ်ငန်းရှင်ကြီး

ထိပ်ဆုံးသို့

၃၄

လူတိုင်းမှာ မိမိရဲ့ ကိုယ်ပိုင် အသိဉာဏ်နဲ့ တွေးခေါ်ခွင့် (သို့မဟုတ်) မတွေးခေါ်ခွင့် အပြည့်အဝရှိပါတယ်။ ဒါပေမယ့် အသိအလိမ္မာ ဉာဏ်ပညာကင်းမဲ့စွာ တွေးခေါ်ပြုလုပ်ရင်တော့ မိမိရဲ့ လုပ်ရပ်ညံ့ဖျင်းတဲ့အတွက် အကုသိုလ်ကံ (သို့မဟုတ်) အလိုလားစဖွယ် နိဂုံးချုပ်မှုဆိုတဲ့ ရုပ်ထွေးလုတဲ့ ဆင့်ပွား ဖြစ်စဉ်ဆိုးတစ်ခုကို အစပျိုးမိမှာပဲ ဖြစ်တယ်။

ဒေါက်တာရောဘတ်အရစ်တိုနီ

ထိပ်ဆုံးသို့

၃၅

သင့်တိုင်းပြည်က သင့်အတွက် ဘာလုပ်ပေးနိုင်မလဲလို့ မေးမနေနဲ့။ သင့်တိုင်းပြည်အတွက် သင်ဘာလုပ်ပေးနိုင်မလဲ ဆိုတာကိုပဲ မေးပါ။

ဂျွန်အက်ဖ်ကနေဒီ
အမေရိကန်သမ္မတ

ထိပ်ဆုံးသို့

၃၆

ဘယ်အခါမျှ ရှုံးနိမ့်မှု မရှိခြင်းဖြင့် ထို အခြေသို့ ဆိုက်ရောက်လာစေသည် မဟုတ်။ ရှုံးနိမ့်တိုင်း ရှုံးနိမ့်တိုင်း ပြည်လည်ထူထောင်နိုင်အောင် စွမ်းဆောင်နိုင်ခြင်းဖြင့်သာ ထိုအခြေသို့ ဆိုက်ရောက်လာစေသည်။

ဒေါလီတာဂိုလ်စမစ်

ထိပ်ဆုံးသို့
၃၇
ခန့်
လောကေ
မဟာသခါ
လောက၌ ငွေသည် (အသိလိမ္မာရှိသူ
များ)အတွက် မြတ်သော အဆွေခင်ပွန်း
ကောင်းဖြစ်သည်။

http://www.khtnetpc.webs.com



ထိပ်ဆုံးသို့

၃၈

ငွေမရှိလို့မဖြစ်

တော်တော်များများ ကိစ္စတွေက ငွေကြောင့်။ ငွေကြောင့် သိက္ခာကျတယ်။ ငွေကြောင့် အရှက်ရတယ်။ ငွေကြောင့် အနေကြပ် အသေကြပ်ဖြင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ရ၏ ငွေကြောင့် အရှုယ်အိုစာမှု မြန်ရ၏။ တကယ့်အရေး၊ တကယ့် ကိစ္စနှင့် ကြုံလာသည့်အခါ ငွေကမှ ကယ်တင်နိုင်သည်။ ငွေ၏ တန်ဖိုးကို ဆင်းရဲနေသူများနှင့် ဆင်းရဲဘူးသူများ သိကြပါ၏။

ဟိန်းဇေ

ထိပ်ဆုံးသို့
၃၉
ငွေကို တိုးပွားအောင်လုပ်ပါ

ငွေသည် အပွားခတ်ရန်နှင့် လိုအပ်ချက်အတွက် သုံးရန်ဖြစ်သည်။ လူမိုက်များကဲ့သို့ ဖြုန်းရန်နှင့် အကျိုးမဲ့သုံးရန် မဟုတ်။ ငွေတစ်ကျပ်ရှိက နှစ်ကျပ်ဖြစ်အောင် လုပ်တတ်ရမည်မှာ ချမ်းသာလိုသူ၏ တာဝန်ဖြစ်သည်။

ဟိန်းဇေ

ထိပ်ဆုံးသို့
၄၀
လူအများအိပ်မောကျနေကြတဲ့အချိန်မှာ
အောင်မြင်သူတွေကတော့ တစ်နေ့ (၅)နာရီ
လောက်ပဲ အိပ်ပြီး ကြိုးစားနေကြတယ်။

ဟိန်းဇေ

ထိပ်ဆုံးသို့

၄၁

စွဲစွဲမြဲမြဲ ပေါင်မြောက်အောင်လုပ်

ကမ္ဘာပေါ်မှာ အောင်မြင် ကျော်ကြားခဲ့ကြတဲ့ ပုဂ္ဂိုလ်ကြီးတွေဟာ တစ်ခုတည်းသော အလုပ်ကို မလျော့တဲ့ဖွဲနဲ့ စွဲစွဲမြဲမြဲ လုပ်ကိုင်ခဲ့ကြတဲ့အတွက် ပေါက်မြောက်ခဲ့ကြတာ ဖြစ်တယ်။ ဥရောပ ရာဇဝင်မှာ ထင်ရှားတဲ့ နျူတန်၊ မိုးစ်၊ ဘဲလ်၊ ဖီလ်ဒ်၊ အယ်ဒီဆင်၊ ဟန်နရီဖို့ဒ် စတဲ့ ထင်ရှားတဲ့ ပုဂ္ဂိုလ်တို့ဟာ တစ်ခုတည်းသော အကြံအစည်နဲ့ ဉာဏ်ရည် ကုန်ထုတ်ပြီး ဆောင်ရွက်ပြုလုပ်ခဲ့ကြတဲ့ သူတွေဖြစ်တယ်။

ဦးကြီးခင်

http://www.khtnetpc.webs.com



ထိပ်ဆုံးသို့

၄၂

ချမ်းသာသုခဆိုတာ

ကိုယ့်စိတ်နဲ့ ကိုယ်ကို ရပ်တည်နေနိုင်သူ၊ မိမိလုပ်နိုင်တဲ့အလုပ်မှာ တာဝန်ယူရမှာ ဝန်မလေးသူ၊ ဘဝမှာ ကိုယ်ယုံကြည်ရာကို မဖြစ်မနေဆိုတဲ့ စိတ်ဓာတ်နဲ့ လုပ်ကိုင်တတ်သူတွေသာ ရေရှည်တည်တံ့တဲ့ ချမ်းသာသုခတွေကို ခံစားနိုင်ကြတယ်။

ဂျိုကာင်စလေဟပ်ဒ်

ထိပ်ဆုံးသို့
၄၃
အဆင့်မြင့်ဘဝနေနည်းကျင့်စဉ်
၁။နာမည်ကောင်း
၂။လူ့ကျင့်သိက္ခာ
၃။ငွေ

ဟိန်းဇေ

ထိပ်ဆုံးသို့

၄၄

ထလည်းထ

ညာဏ်နှင့်ဆ

ဂီရိယပဓာန

ဟိန်းဇေ

http://www.khtnetpc.webs.com



ထိပ်ဆုံးသို့
၄၅
မိမိခြေချသည့် နယ်မြေတွင် အတော်ဆုံး
လူဖြစ်အောင် ကြိုးစားပါ။

ဟိန်းဇေ

ထိပ်ဆုံးသို့
၄၆
ကိုယ့်နာမည် ကိုယ့်ဂုဏ်သိက္ခာ ကို အမြဲ တမ်းထိန်းပါ။ အလုပ်ကို စွမ်းကုန် ကြိုး စားပါ။ လူတွေကို ကောင်းကောင်းဆက်ဆံပါ။ ကတိတည်ပါ။ ဒါဆိုရင် လုပ်သမျှ လွယ်လွယ်နဲ့ အောင်မြင်မှာပဲ။

လီကာရှင်း
စင်ကာပူလုပ်ငန်းရှင်ကြီး

http://www.khtnetpc.webs.com



ထိပ်ဆုံးသို့

၄၇

စိတ်ကူးကောင်းတစ်ချက်ကြောင့် တစ်သက်တာ ချမ်းသာနိုင်သည်။ စိတ်ကူးကောင်းတစ်ဒါဇင်ဆိုလျှင် ချမ်းသာသည်ထက် ပို၍ ချမ်းသာနိုင်သည်။

အမ်အာ ကော့ပ်မေယာ

ထိပ်ဆုံးသို့

၄၈

လူ့လောကဟာ အမြဲတမ်းကြိုးစားနေရတယ်။ တိုက်ခိုက်နေရတယ်။ ဒါ့ကြောင့် မတော်တဲ့လူ မထက်တဲ့လူဟာ ခံရတာပဲ။ ဒါ့ကြောင့် ကျွန်တော် တော်တဲ့လူ၊ ထက်တဲ့လူနဲ့ပဲ ပေါင်းသင်းတယ်။ ဖြစ်သလို နေတာပေါ့ဆိုတာမျိုး ကျွန်တော်လက်မခံဘူး။ ကျွန်တော့် မိန်းမတောင် မိမိကိုယ်ကို မိမိကြိုးစားတဲ့၊ မိမိအရည်အချင်းနဲ့ မိမိရပ်တည်နိုင်တဲ့ မိန်းမမျိုးပဲ ကျွန်တော်ကြိုက်တယ်။

ဒတ်စတင်ဟောဖ်ဖင်း

ကမ္ဘာကျော်ရုပ်ရှင်သရုပ်ဆောင်

ထိပ်ဆုံးသို့

၄၉

လူ့ဘဝသည် တာဝေးအပြေးပြိုင်ပွဲ တစ်ခုနှင့်တူ၏။ အချို့လူများက ရှေ့မှ ပြေးနေကြပြီး အချို့က ရှေ့မှလူများကို အမှီလိုက်ရန်နှင့် ကျော်ဖြတ်တက်နိုင်ရန် ပြေးလျက်ရှိကြသည်။ သို့သော် လူအများမှာမူ နောက်တွင် အတော်များများ ပြတ်ကာ ကျန်ရစ်ခဲ့ကြသည်။

ဟိန်းဇေ

ထိပ်ဆုံးသို့
၅၇
သညာနှင့်ပညာ မတူပါ။

အတတ်သည် သညာ။ သင်၍ တတ်မြောက်မှု။ အသက်မွေးမှု နှင့် အဓိကဆိုင်သည်။ ပညာမှာ ထိုသို့မဟုတ်။ ကိုယ်ပိုင် ဉာဏ်ဖြင့် ထိုးထွင်းသိမြင်မှု၊ ဆန်းသစ်တီထွင်မှု၊ အမှားနှင့် အမှန်ကို ကျိုးကြောင်း မြော်မြင် နိုင်းချိန်နိုင်မှု။ အတတ်နဲ့ ပညာက တန်ဖိုးချင်း သိပ်ကွာပါတယ်။

ဟိန်းဇေ

ထိပ်ဆုံးသို့
၅၁

အနာဂတ်ကို ကြိုတင် မြော်မြင်ကာ စီစဉ် နိုင်ခြင်းဆိုတာ လူများစုထက် သာစေမယ့်လူ တော်တစ်ယောက်ရဲ့ အရည်အချင်းကောင်း တစ်ခု ပဲဖြစ်တယ်။

ဟိန်းဇေ

ထိပ်ဆုံးသို့
၅၂
ညာဏ်သည် နံပါတ်တစ်
ညာဏ်ပညာ အမြော်အမြင် မရှိပဲနဲ့ ကြိုးစားတဲ့ ဂီရိယ မျိုးဆိုတာ မြားမပါတဲ့ လေးလိုပဲ။ အကျိုးမဲ့ ပင်ပန်းရုံမျှသာ ဖြစ်တယ်။

ပညာရှင်တစ်ဦး

ထိပ်ဆုံးသို့

၅၃

ငွေသည် ဆဋ္ဌမအာရုံ

ငွေဆိုတာ ဆဋ္ဌမအာရုံနဲ့ တူပါတယ်။ ငွေမရှိတော့ရင် ကျန်တဲ့ အာရုံငါးပါးကိုလည်း နှစ်သက်ခံစားနိုင်တော့မှာ မဟုတ်ပါ။

ဆမ္မားဆက်မောမ်

အင်္ဂလိပ်ဂတ္တုစာရေးဆရာကြီး

ထိပ်ဆုံးသို့

၅၄

အလုပ်လုပ်သူတိုင်းအမှားရှိတယ်။

အမှားလုပ်မိမှာကို ကြောက်တာ၊ မိမိ အမှားကို ဝန်မခံရဲတဲ့လူဟာ အောင်မြင်မှုနဲ့ ဝေးနေတဲ့လူပဲ။ အမှားမလုပ်ဖူးတဲ့ လူဟာ အလုပ် မလုပ်သေးတဲ့လူပဲ ဖြစ်တယ်။ ကမ္ဘာကျော်ဆိုတဲ့ လူတွေ အားလုံးလဲ အမှားတွေကို လုပ်ခဲ့ကြတာပဲ။ အယ်ဒီဆင်ဆိုတဲ့ ပုဂ္ဂိုလ်ဆိုရင် တီထွင်တဲ့ လုပ်ငန်း တွေမှာ အမှားပေါင်းများစွာနဲ့ပါ။

ကုမ္ပဏီ ဥက္ကဋ္ဌတစ်ဦး
အမေရိကန်နိုင်ငံ

http://www.khtnetpc.webs.com



ထိပ်ဆုံးသို့

၅၅
အောင်မြင်သူတို့၏စိတ်ဓာတ်
ခုနစ်ကြိမ်လဲလျှင် ရှစ်ကြိမ်ထမည်။

ဂျပန်စကားပုံ

စိုးစာပေ

ထိပ်ဆုံးသို့

၅၆

"ကိုယ့်ဘဝတစ်သက်တာမှာ ဘာဖြစ်ချင်
တယ်ဆိုတာကို ပြတ်ပြတ်သားသား မသိရင်
ဟိုဟာလုပ်ချင် ဒီဟာလုပ်ချင်နဲ့ ယောင်ဂါးဂါး
ဖြစ်နေလိမ့်မယ်။ ကျွန်တော့အဖို့တော့ တောင်ထိပ်
တွေ၊ လျှိုမြောင်တွေဆိုတာမရှိဘူး။ အပေါ်ဆုံး
ဆိုတဲ့ တစ်လမ်းပဲရှိတယ်။ ကြယ်တာရာတွေ၊
ဂြိုလ်နက္ခတ်တွေ၊ အဲ့ဒါတွေအားလုံး ကျွန်တော်
လိုချင်တယ်။ ကိုယ့်ဘဝကိုယ် ကျေနပ်ရောင့်ရဲ
နေတဲ့လူဟာ ဘယ်ကိုမှ မရောက်နိုင်တော့ဘူး။
ရောက်ချင်းရောက်ရင် အောက်ကိုသာ ရောက်သွားလ
လိမ့်မယ်။ အမြင့်ရောက်ချင်တဲ့လူဟာ ကိုယ်လုပ်
နေတဲ့ အလုပ်နဲ့ ပတ်သက်ပြီး စူးစမ်းလေ့လာမှုတွေ
အမြဲတမ်း လုပ်နေရမယ်။ လက်ရှိအခြေအနေထက်
ပိုကောင်းလာအောင် ဘယ်လိုလုပ်မလဲ
ဆိုတာ အမြဲတမ်း ရှာဖွေနေရမယ်။

ဂျိူးဂီရတ်
စီးပွားရေးလုပ်ငန်းရှင်ကြီး

ထိပ်ဆုံးသို့

၅၇

မကောင်းသော ကံကြမ္မာက အသိအလိမ္မာ ဆင်ခြင်တုံ ဉာဏ်ပညာ နည်းသူတို့ကို ဦးမထောင်နိုင်အောင် နှိမ်နင်းလိုက်သောလည်း ဉာဏ်ကြီးသူတို့ကမူ ယင်းဆိုး၏ ဒုက္ခတို့ကို အနိုင်ယူ၍ အထက်သို့ မြင့်တက်သွားကြသည်။

ဂျန်ပက်စလီ
ခရစ်ယာန်သာသနာပြုပုဂ္ဂိုလ်

http://www.khtnetpc.webs.com



ထိပ်ဆုံးသို့

၅၈

အောင်မြင်ခြင်းရွှေတံခါးကိုဖွင့်ရန်

မရှိမဖြစ် လိုအပ်သည့် ရွှေသော့များ

၁။ ကျွမ်းကျင်မှု

၂။ ထိုးထွင်းဉာဏ် တီထွင်ဉာဏ်ရှိမှု

၃။ ဇွဲရှိမှု

၄။ ခံနိုင်ရည်ရှိမှု

၅။ ကတိတည်မှု

၆။ စေတနာကောင်းထားမှု

၇။ နာမည်ကောင်းရှိမှု

၈။ ကောင်းသထက်ကောင်းအောင်
ကြိုးစားမှု

၉။ မိမိချို့ယွင်းချက်ကို ရှာ၍ ပြုပြင်မှု

၁၀။ စိတ်ဓာတ်မြင့်မားမှု

ဟိန်းဇေ

http://www.khtnetpc.webs.com



ထိပ်ဆုံးသို့

၅၉

လူဆိုတာ ကိုယ်လုပ်တဲ့ အလုပ်မှာ ဘုရင်
တစ်ဆု ဖြစ်နေရမယ်။

ပညာရှင်တစ်ဦး

ထိပ်ဆုံးသို့
၆၀
ကိုယ်လုပ်တဲ့အလုပ်ဟာ ကိုယ့်ရဲ့
အကောင်းဆုံး စိတ်ထားနဲ့ အကောင်းဆုံးအရည်
အချင်းကို ဖော်ပြနေတာ ဖြစ်ရမယ်

ဆရာတော်ဦးဇောတိက
မဟာမြိုင်တောရ

http://www.khtnetpc.webs.com



ထိပ်ဆုံးသို့
၆၁

ဘဝဆိုတာ ကျောက်တောင်၊ လွယ်မယောင်မြင် ရွှေတောင် မထင်လေနဲ့။ ဘဝသည် အိပ်မက်မဟုတ်၊ ပန်းတစ်ပွင့်မဟုတ်၊ ရွှေတောင် မဟုတ်။

ထိပ်ဆုံးသို့

၆၂

ဦးနှောက်သည် အဓိက

ဦးနှောက်ကိုသွေး ၊ ထက်အောင်သွေး။ ပိုပြီး ထက်သထက် ထက်အောင်သွေး။ လူတစ်ယောက်အဖို့ သူ့ဦးနှောက်က သူ့ရဲ့အရှင်သခင်ပဲ။ ဦးနှောက်အဆင့် မြင့်လာလေ၊ ကံကောင်းလာလေပဲ။

ဟိန်းဇေ

ထိပ်ဆုံးသို့
၆၃

အောင်မြင်တယ်၊ ဘာကြောင့်လဲ။ မအောင်မြင်ဘူး၊ ဘာကြောင့်လဲ။ ဘာမဆို အကြောင်းရင်းခံဆိုတာရှိတယ်။ အဲဒါကို တွေ့အောင်ရှာ။ ဒါကို ကံကြောင့်လို့ ယိုးမယ်ဖွဲ့ရင်တော့ သင့်လောက်ညံ့တဲ့လူ ရှိမှာမဟုတ်ဘူး။

ဟိန်းဇေ

http://www.khtnetpc.webs.com



ထိပ်ဆုံးသို့

၆၄

ကိုယ့်ဘဝကိုယ် ကျေနပ်မနေနဲ့။ ကိုယ်
လုပ်တဲ့အလုပ်ဟာ တက်နေဖို့၊တက်သထက်
တက်နေအောင်လုပ်ဖို့၊ တန်းနေတယ်ဆိုရင်တော့
ကျတော့မယ်သာမှတ်။

ဟိန်းဇေ

ထိပ်ဆုံးသို့

၆၅

လက်တွေ့အောင်မြင်ရေး

နံပါတ်တစ် မိမိအလုပ်ကို ကျွမ်းကျင်ပါ။
နံပါတ်နှစ် ဆက်ဆံရေး ကောင်းပါ။
နံပါတ်သုံး လိမ္မာပါ၊ ပါးနပ်ပါ။
ထိုသုံးချက်ပိုင်လျှင် အောင်မြင်မှု သရဖူ
သည် သင့်ထံသို့ မလွဲမသွေ ရောက်လာ
လိမ့်မည်။

ဟိန်းဇေ

http://www.khtnetpc.webs.com



ထိပ်ဆုံးသို့

၆၆

ဘဂင်မမြင့်နဲ့

ဘဂမာနထားပါ။

ဟိန်းဇေ

ထိပ်ဆုံးသို့

၆၇

မိမိ၏ တိုးတက်ရေးအတွက် စာဖတ်ပါ။
သို့သော် စာကို ရွေးဖတ်ပါ။ သင်၏ စိတ်ဓာတ်
ပိုမိုကောင်းမွန်ရန် နှင့် အတွေးအခေါ် ကောင်းများ
ပေါ် ထွန်းလာစေရန် အကူအညီပေးနိုင်သော
စာအုပ်ကောင်းများကို ဖတ်ပါ။ အထက်သို့
တက်လိုသူတိုင်းအတွက် စာဖတ်ကျင့်သည်
အလွန်လိုအပ်သည့် အကျင့်တစ်ခုဖြစ်သည်

မစ္စတာဒဲမ်ရော့သ်

ထိပ်ဆုံးသို့
၆၈
လုပ်ငန်းအောင်မြင်ရေးအတွက်
မိမိလုပ်နေတဲ့အလုပ်ကို အကောင်းဆုံး
လုပ်ပါ။ တာဝန်ယူနိုင်မယ့် လုပ်ငန်းသစ်တွေကို
ကြံဆဖော်ထုတ်ပါ။ လူတစ်ယောက်ဟာ မိမိရဲ့
လက်ရှိအလုပ်ကို ပြောင်ပြောင်မြောက်မြောက်
လုပ်ဆောင်နိုင်မှသာ အနာဂါတ်မှာ သူ့အတွက်
ကြီးမြတ်တဲ့ ဆုလာဘ်ကို ရနိုင်ပါလိမ့်မယ်။
ဒါ့ကြောင့် အလုပ်ကြီးသည် ငယ်သည်မဟူ မိမိ
အလုပ်တိုင်းကို ကောင်းသထက် ကောင်းအောင်
ကြိုးစားရမှာ ဖြစ်ပါတယ်။

မက်မက်ကော်မယ်
စီးပွားရေးပညာရှင်နှင့်လုပ်ငန်းရှင်ကြီး

ထိပ်ဆုံးသို့

၆၉

ကတိတည်မှ လူယုံကြည်မည်

လူတွေထဲမှာ ကတိမတည် လူလှည့်စား
တွေအများကြီး ရှိသည်။ လူကတော့ တော်ပါ၏။
ကတိက မတည်။ ကတိက မမှန်။ ကြာတော့
လူယုံကြည်မှု နည်းလာသည်။ နယ်မြေကျဉ်းလာ
သည်။ လူ့တန်ဖိုး၊ လူ့ဂုဏ်သိက္ခာ ပျောက်ပြီး
နာမည်ပျက် စာရင်းဝင်လာသည်။ ပုဂ္ဂိုလ်တစ်ဦး
က ဆိုမိန့်ဖူးသည်။ "ကျွန်ုပ်၏ ကတိတစ်လုံး
ကို ကျွန်ုပ်၏ အသက်ထက် တန်ဖိုး
ထားသည်" တဲ့။ ဒီတော့ သင်တကယ် အထက်သို့
တက်ချင်သည်ဆိုလျှင် လူတွေနှင့် ဆက်ဆံတိုင်း
ကတိတည်ဖို့ကိုတော့ မမေ့လေနှင့်။

ဟိန်းဇေ

ထိပ်ဆုံးသို့

၇၁

သာမန်လူလိုနေရင် သာမန်လူလို ဖြစ်မယ်။ သာမန်လူလိုလုပ်ရင် သာမန်လူလောက်ပဲ ဖြစ်မယ်။ သာမန်လူလို မနေမှ သာမန်လူလို မလုပ်မှ သာမန်လူထက် ထူးခြားတဲ့ သူမန်လူထက် ထူးချွန်တဲ့ လူထူးလူချွန် ဖြစ်မယ်။

ဟိန်းဇေ

ထိပ်ဆုံးသို့

၇၁

ဖွဲ့ပျော့လို့ကတော့ ဘာမှမဖြစ်

လူ့ဘဝဆိုတာ လက်ပွေ့ကြိုးပိုင်းတစ်ခုပဲ။
တစ်ဖက်က ခင်ဗျားရဲ့ ပြိုင်ဘက်က ခင်ဗျားကို
အလဲထိုးဖို့ ကြိုးစားလိမ့်မယ်။ ဒီတော့... ခင်ဗျား
ဘယ်လောက်ထိ အထိုးခံနိုင်သလဲ။ ခင်းဗျား
ခံနိုင်ရည်က ဘယ်လောက်ရှိသလဲ။ ခင်ဗျားကလဲ
သူ့ကို ဘယ်လောက်ထိ ထိုးနိုင်သလဲ။ ဒါပေမယ့်
ကျွန်တော်မြင်တာကတော့ တစ်ဖက်က ထိုးတာကို
ခံလိုက်ရတာနဲ့ ဖွဲလျော့အသည်းပျော့ပြီး လွယ်လွယ်
နဲ့ အရှုံးပေးသွားကြတဲ့ လူတွေ။ အဲ့ဒီလို
လူညံ့တွေကပဲ များပါတယ်။ ကျွန်တော်ပြောချင်တာက
အထက်ကို တက်ချင်တယ်ဆိုရင်တော့
အဲဒီလို လူစားတွေထဲမှာ ခင်ဗျားမပါဖို့ပဲ။

ဟိန်းဇေ

ထိပ်ဆုံးသို့

၇၂

ကိုယ့်ကိုယ်ကို အထက်ဆုံး အတန်းကို ရောက်အောင် ရည်ရွယ်ချက်ရှိတဲ့လူအဖို့ စကား အနိုင်လုပြီး ငြင်းခုံနေရန် အချိန်မရှိပါ။

အဘရာဟန်လင်ကွန်း
အမေရိကန်သမ္မတကြီး

ထိပ်ဆုံးသို့
၇၃
အကယ်၍ ကျွန်တော်တို့ နားနားနေနေ
နေခဲ့လျှင် လူညံ့စာရင်းထဲပါသွားလိမ့်မည်။

မာတင်လူသာ

ထိပ်ဆုံးသို့
၇၄
ရာခိုင်နှုန်းအနည်းငယ်လောက်ရှိတဲ့
လူတွေသာ ဦးနှောက်ကို ကောင်းကောင်း
စီမံပြီး အခြေတကျ ဖြစ်အောင် လုပ်တတ်ကြပါ
တယ်။

ဟားဗတ်ကတ်ဆင်

ထိပ်ဆုံးသို့

၇၅

ကျွန်ုပ်တို့သည် အတိတ်ကာလ အမှား များမှ ကျွန်ုပ်တို့အတွက် ထိရောက်အသုံးဝင်သည့် ဘဝပေး သင်ခန်းစာများကို ရယူရန်နှင့် အရင်း အနှီးကြီးစွာ ပေးခဲ့ကြရသည့် အတွေ့အကြုံမှ အကျိုးရှိအောင် လုပ်ရန် ရည်ရွယ်ချက်တို့မှ လွဲ၍ အတိတ်ကာလကို ပြန်မကြည့်သင့်။

ဂျော့ဂါရှင်တန်
ပထမဆုံးအမေရိကန်သမ္မတကြီး

ထိပ်ဆုံးသို့
၇၆
မင်းမှာအရည်အချင်းအများကြီးရှိတယ်။ ပါရမီလည်းရှိတယ်။ ဒီတော့ကာ အဆင့်အတန်း မြင့်ပြီး စာရိတ္တ ကြံ့ခိုင်တဲ့လူတွေ၊ ကိုယ့်အထက်က လူတွေနဲ့သာ ပေါင်းပါ။ ကိုယ့်ထက်ညံ့တဲ့လူတွေ နဲ့ မပေါင်းပါနဲ့။ လူ့ဘဂဆိုတာ ဖွဲနပဲနဲ့ အမြဲ တွယ်ပြီး တက်နေရတဲ့ ကိစ္စမျိုး ဖြစ်တယ်။

အင်ဆန်ဘာလင်ဂိန်း

ထိပ်ဆုံးသို့

၇၇

သင်ယူမှု အတတ်ကို ပညာနှင့်လွဲမှားပြီး ဘယ်တော့မှ မယူပါနှင့်။ အတတ်သည် သင့်အား အသက်မွေးမှု ပြုရာတွင် အကူအညီပေးသည်။ ပညာကမူ သင့်ဘဝ တည်ဆောက်မှုတွင် ကူညီထောင်ပံ့သည်။

ဆန္ဒရာကေရီ

ထိပ်ဆုံးသို့

၈၁

အထက်သို့ တကယ်တက်လိုသူသည့် လူများသည် အမျိုးမျိုး တွေးကြံကြ၏။ မသိသေးသည်ကို သိအောင် သင်ကြားနာယူကြ၏။ မိမိအလုပ်ကို ပို၍ ပို၍ တိုးတက်ကောင်းမွန်အောင် ကြိုးစားကြ၏။ သူတို့သည် အလုပ်ကို ကောင်းကောင်း နိုင်နင်းသည်အထိ တွန်းတင်နေကြ၏။ သို့အားဖြင့် လက်ရှိအလုပ်ထက် ပိုမိုကြီးမားသည့် အလုပ်ကို ရယူနိုင်လာကြသည်။ သူတို့သည် လူတော်တစ်ချို့သာတည်း။

ဟားဗတ်ကတ်ဆင်

ထိပ်ဆုံးသို့
၈၁
အတွေ့အကြုံရှိရမည်

အထက်သို့ တက်ရာတွင် စာအုပ်မျှနှင့် မလုံလောက်ပါ။ စာအုပ်ဖတ်ပြီး စာအုပ်ထဲက ဗဟုသုတမျှသာ ရှိလျှင် ထိုလူသည် စာတွေ့သမား မျှသာ ဖြစ်ပါလိမ့်မည်။ စာတွေ့သမားဆိုသော စကားလုံးမှ လှပသော စကားလုံးအဖြစ်သော်လည်း အမှန်တော့ "လူအ" ဟူသော အဓိပ္ပာယ်ပင် ဖြစ်ပါသည်။

ဟားဗတ်ကက်ဆင်

ထိပ်ဆုံးသို့

၈၂

နာမည်ကောင်းရှိရေးသည် ပထမ

နာမည်ကောင်းတစ်ခုကို ငွေဖြင့် မလဲနိုင်ပါ။ နာမည်ပျက်ဖို့ လွယ်သည်။ နာမည်ကောင်းတစ်ခုရဖို့ မလွယ်။ နာမည်ကောင်းတစ်ခုသည် လူတစ်ယောက်အတွက် တန်ဖိုးအကြီးဆုံးသော ဂုဏ်အစစ်အမှန်ဖြစ်သည်။

ဟိန်းဇေ

ထိပ်ဆုံးသို့

၈၃

စေတနာနဲ့ သတိပေးပါရစေ။

ကိုယ့်စိတ်ကို မလိမ်နဲ့။ မလှည့်စားနဲ့။ ကိုယ့်အပြစ်ကို မမြင်ဟန် မျက်ကွယ်ပြုပြီး ကိုယ့်ကိုယ်ကို ပြန်ညာမနေနဲ့။ "ငါသာအမှန်၊ ငါသာ မမှား" လို့ထင်နေတယ် ဆိုရင်တော့ ကိုယ့်ကိုယ်ကို အဲဒီလို ထင်နေပြီး ဘယ်တော့မှ မပြုပြင်ကြတဲ့ သူလို ကိုယ်လို လူတွေထဲက သင်ဘယ်တော့မှ တိုးထွက်နိုင်မှာ မဟုတ်တော့။ သင်ဘယ်လောက်ကိုယ့်ကိုယ်ကို တော်တယ် ထင်နေနေ၊ လူရှော်ဘဝက ဘယ်တော့မှ လွတ်တော့မှာ မဟုတ်။

ဟိန်းဇေ

http://www.khtnetpc.webs.com



ထိပ်ဆုံးသို့

၈၄

တကယ်အောင်မြင်ချင်တယ်ဆိုရင်တော့ မနက်အိပ်ယာထတိုင်း ၁။ ငါ့အတွက် မနေ့က ဘာအကျိုးရှိအောင် လုပ်ခဲ့သလဲ။ ၂။ ငါ့အတွက် ယနေ့ ဘာအကျိုးရှိအောင် လုပ်မလဲဟု ကိုယ့်ကိုယ်ကို အမြဲမေးပါ။

ဟိန်းဇေ

http://www.khtnetpc.webs.com



ထိပ်ဆုံးသို့

၈၅

ကိုယ့်ကိုယ်ကို ပြန်မေးလိုက်ပါ

၁။ ငါ ကတိတည်ရဲ့လား?

၂။ ငါ့အလုပ်ကို ငါ အကောင်းဆုံး လုပ်ရဲ့ လား?

၃။ ငါ့မှာ လိုအပ်နေသေးတဲ့အချက်တွေကို ငါသင်ယူ ဖြည့်ဆည်းရဲ့လား?

၄။ ငါ့ညံ့ ကွက် ငါ့ချို့ယွင်းချက် ငါ့အသုံး မကျကွက်တွေကို ငါတွေ့အောင်ရှာပြီး ချက်ခြင်း ပြုပြင်ရဲ့လား?

၅။ "ရွှေအချိန်" "ပညာအချိန်" ကို ငါတကယ် တန်ဖိုးထားရဲ့လား?

၆။ သူလို ကိုယ်လို လူအများစုထဲက တိုး ထွက်ပြီး ထိပ်ကို ရောက်အောင် ငါကြိုးစား မယ်ဆိုတဲ့ မြင့်မာတဲ့ စိတ်ရော ငါ့မှာ တကယ်ရှိရဲ့လား?

၇။ "ထိုင်သူမဖြစ်၊ ထသူဖြစ်" ဆိုတဲ့ အောင် မြင်ခြင်း ဂါထာကိုရော ငါနေ့တိုင်း ရွတ်ဆိုနေရဲ့လား?

ဟိန်းဇေ

ထိပ်ဆုံးသို့
၈၆
လောကကြီးသည် ဘဂဝတက္ကသိုလ်ကြီး ဖြစ်သည်။ မိတ်ဆွေသည် ဘယ်နေရာမှပင်နေနေ၊ ဘယ်ပတ်ဝန်းကျင်မျိုးမှာပင်နေနေ၊ ပညာသာ တကယ်လိုချင်လျှင် ဘဂဝတက္ကသိုလ်၌ အချိန်မရွေး သင်ယူနိုင်သည်။

http://www.khtnetpc.webs.com



ထိပ်ဆုံးသို့

၈၇

အောင်မြင်ရေးနှင့် ပတ်သက်၍ အပြော
ကောင်းကောင်းဖြင့် ပြောတတ်သူ (အပြောသမား)
လည်းများ၏။ အောင်မြင်ရေးဆိုင်ရာ စာအုပ်တွေကို
ဖတ်သူ (စာဖတ်သမား) လည်းများ၏။
သို့သော် တကယ် လုပ်သူက အလွန်နည်းလှ၏။
အဓိက ညံ့ဖျင်းချင်များကတော့ စိတ်မရှည်မှု၊
သည်းမခံမှု၊ အပင်ပန်းမခံလိုမှု၊ ဇွဲမကြီးမှု၊ ကတိ
မတည်မှု၊ လွယ်လွယ်ကူကူ နှင့် အောင်မြင်လိမ့်
မည်ဟု ထင်နေမှုတို့ပင် ဖြစ်သည်။ ရေးရ
လျှင်တော့ အောင်မြင်သူ အားလုံးတို့သည် ချွေး
ထွက်များသူများ၊ အပင်ပန်း၊ အဆင်းရဲဒဏ်ကို
ခံနိုင်သူများ၊ "မဖြစ်လျှင် မနေ" ဆိုသည့် အလွန်
ဇွဲကြီးသူများ ဖြစ်ကြသည်ကို သိစေလိုပါသည်။

ဟိန်းဇေ

http://www.khtnetpc.webs.com



ထိပ်ဆုံးသို့

၈၈

လူအများမလုပ်နိုင်တာကို လုပ်နိုင်ရင်
တော်တယ်လို့ ဆိုရမယ်။ တော်တဲ့လူ မလုပ်နိုင်
တာကို လုပ်နိုင်ရင်တော့ ထူးချွန်တယ်လို့ ဆိုရမယ်

ဂျစ်လ်ဟဲန်ရီ

စိုးစာပေ

http://www.khtnetpc.webs.com



ထိပ်ဆုံးသို့

၈၉

ကျွန်ုပ်သည် အရာရာကို ကောင်းအောင် လုပ်သလို ကိုယ့်ကိုယ်ကိုလည်း ကောင်းအောင် လုပ်၏။ သို့ဆိုလျှင် အခြားဘာမျှ လုပ်စရာ မလိုတော့ပေ။

ယွန်ပေါ်ရစ်ချတား

ထိပ်ဆုံးသို့

၉၈

ညာဏ်ကို ချွန်အောင်သွေးပါ

အထက်ကို တက်နိုင်ဖို့မှာ အဓိကက ညာဏ်ပဲ။ ကံမဟုတ်ပါဘူး။ ဒါ့ကြောင့် ဘဝမှာ တော်တော်များများ မှန်းထားချက်အတိုင်း ဖြစ်မလာကြဘူး ဆိုတာကတော့ ကံညံ့လို့ မဟုတ်ပါဘူး။ ညာဏ်ညံ့လို့။ ကံချော်လို့မဟုတ်ပါဘူး။ ညာဏ်ရှော်လို့၊ ညာဏ်နိမ့်နေသေးလို့ပါ။

ဟိန်းဇေ

ထိပ်ဆုံးသို့

၉၁

အသိပညာ နိုင်းချိန် ဉာဏ်ဖြင့် မိမိဘဝတွင်
စောင့်ရှောက်သူများသာ လူ့ဘဝတွင် နေပျော်
အောင် နေထိုင်တတ်သူများ ဖြစ်ကြသည်

ဟိန်းဇေ

စိုးစာပေ

http://www.khtnetpc.webs.com



ထိပ်ဆုံးသို့

၉၂

တကယ့်ပညာဆိုတာ

ဘဝမှာ ကြုံလာတဲ့ အခက်အခဲတွေ၊ ကာံဆိုး၊ ကြမ္မာဆိုး၊ ဒုက္ခဆိုးတွေကို ရင်ဆိုင်ကျော် ဖြတ်နိုင်တာ၊ အမှားနဲ့ အမှန်ကို ကိုယ်ပိုင် အသိ ပညာနဲ့ နှိုင်းချိန်ခွဲခြားနိုင်တာ၊ ဘဝမှာ နာမည်ပျက် နာမည်ဆိုး မရှိဘဲ နာမည်ကောင်းနဲ့က ရပ်တည်နေ နိုင်တာ "ပညာ" ပဲ။

ဟိန်းဇေ

http://www.khtnetpc.webs.com



ထိပ်ဆုံးသို့

၉၃

သညာ နှင့်ပညာ

သင်ယူ၍ တတ်သည့် အတတ်သည်
"သညာ"၊ ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်းသိမှုသည်
"ပညာ"

ဟိန်းဇေ

http://www.khtnetpc.webs.com



ထိပ်ဆုံးသို့

၉၄

မပေဖန်သမျှ မတိုးတက်နိုင်

အောင်မြင်ရေး၌ဖြစ်စေ၊ လူကောင်း တစ်ယောက်ဖြစ်ရေး၌ ဖြစ်စေ မိမိကိုယ်မိမိ ပေဖန် ရေးသည် အရေးကြီးဆုံး အဓိကအချက် ဖြစ်သော် လည်း လူ(၁၀၀) တွင် (၉၉) ယောက်သည် မိမိ ကိုယ် မိမိ မပေဖန်ကြပေ။

ဟိန်းဇေ

http://www.khtnetpc.webs.com



ထိပ်ဆုံးသို့

၉၅

အထက်ကို တက်ချင်သလား

အထက်ကို တကယ် တက်ချင်တယ်ဆိုရင် တော့ နံပါတ်တစ်က တကယ် ကြီးမြင့်ချင်တဲ့ မြင့်မားတဲ့ စိတ်ဓာတ်၊ နံပါတ်နှစ်က ပြည့်စုံ သထက် ပြည့်စုံအောင် အမြဲ ကြိုးစား နေရမယ့် အရည်အချင်း၊ နံပါတ်သုံးက မဖြစ်လျှင် မနေ ဆိုတဲ့ ဖွဲ့ရှိမှု ဖွဲ့ကြီးမှု၊ ဒါဆိုရင်တော့ အထက်ကို ရောက်ဖို့ဆိုတာ မြေကြီး လက်ခတ်မလွဲတော့ပါ။

ဟိန်းဇေ

http://www.khtnetpc.webs.com



ထိပ်ဆုံးသို့
၉၆
ယနေ့ ငါ့ဘာလဲ
ယနေ့ ငါဘယ်လဲ

ဟိန်းေ

ထိပ်ဆုံးသို့

၉၇

ကြိုးစားခြင်းသာ ထာဝရ
ကြိုးစားပါ။
မအောင်မြင်လျှင်
ထပ်၍ ကြိုးစားပါ။
အောင်မြင်လျှင်
ပို၍ အောင်မြင်အောင် ကြိုးစားပါ။

ဟိန်းဇေ

http://www.khtnetpc.webs.com



ထိပ်ဆုံးသို့

၉၈

အချိန်သည် ရွှေ၊ အချိန်သည် ပညာ
အချိန်၏ တန်ဖိုးကို နားမလည်သေးသမျှ
အချိန်ကို တန်ဖိုးထားရကောင်းမှန်း မသိသေးသမျှ
သင့်နောက်ကလူတွေ သင့်ကို ကျော်တက်သွား
ကြလိမ့်မည်။

ဟိန်းဇေ

ထိပ်ဆုံးသို့

၉၉

ကိုယ့်သမိုင်းကို အကောင်းဆုံးရေးပါ

တကယ်တော့ လူတစ်ယောက်အတွက်
ဘဝမှာ နေခြင်းနဲ့ သေခြင်းရဲ့ ကြားကာလဟာ
ဘာမျှမကြာပါ။ ဒီတော့ အရေးကြီးတာက
ဘဝမှာ နေပျော်အောင်နေဖို့။ သေမယ်ဆိုရင်လဲ
နာမည်ပျက် နာမည်ဆိုးနဲ့ မသေပဲ နာမည်
ကောင်းနဲ့ သေဖို့။ အဲဒီအတွက် လုပ်ရမယ့်
အလုပ်က မိမိဘဝကို ကောင်းတဲ့ စာရိတ္တပေါ်မှာ
အခြေခံ တည်ဆောက်ပြီး ကောင်းတဲ့အလုပ်ကို
ကြိုးကြိုးစားစား လုပ်ဖို့ပါပဲ။

ဟိန်းဇေ


ထိပ်ဆုံးသို့

၁၀၀

အနာဂါတ်ကောင်းစေမည့် မိမိ၏ကောင်း ကျိုးတစ်ခုအတွက် စွန့်စားလိုစိတ် မရှိသူ တစ်ဦး အဖို့ ဤဘဝ၌သော်လည်းကောင်း၊ နောင် တမလွန် ဘဝ၌သော်လည်ကောင်း သူနှင့် ထိုက် တန်သည့် နေရာသည် ရှိမည် မဟုတ်တော့ပေ။

အောလီဗာဂိုလ်စမစ်

http://www.khtnetpc.webs.com




စိုးစာပေ